ရတနာပုံရပ်ကွက်·မုံရွာမြို့

8/-

## ဆရာကြီး - ဦးစိုးခေါင်

ဓမ္မာစရိယ

ပါဠိမြန်မာ ကထိက (အထက်တန်းကျောင်းဆရာဟောင်း)

**ဘာသာပြန်ဆိုသည့်**

# ငါးရုံ့မင်းဝရိတ်

၁၂

တည်းဖြတ်သူ

**ပါဠိသုခမိန်အဖွဲ့ လူကြီးများ**

မုံရွာမြို့။

**ဓမ္မဒါနကုသိုလ်ရှင် "ဦးဘရှိန်း"**

ခရိုင်ငွေစာရင်းကိုင် ငွေတိုက်ဌာန ခရိုင်ဝန်ရုံး၊ မုံရွာမြို့။

# နိဒါန်း

ပါဠိတော်သာ အတွေ့များ၍ အနက် ဘာသာပြန် နည်းပါးသဖြင့် ဆရာကြီး "ဦးစိုးခေါင်" မမှာစရိယက အများ ကောင်းကျိုး ရှေ့မိုးနှင့်နောက်မိုး ရှာစေကြောင်း ကောင်းမြတ်သော စေတနာဖြင့် - - -

မုံရွာမြို့
ဆုတောင်းပြည့် ဘုရားကြီး မမှာရုံအတွင်း၌
တော်သလင်းလပြည့်နေ့များတွင်
ရွတ်ဆိုရန်
ဘာသာပြန်ဆို ပေးပါသည်။

— — —

"ဦးဘရှိန်"
ရှာဖွေစုဆောင်း ကူးသိလ်ပြုသူ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

---

# ငါးရံ့မင်းပရိတ် အမွှန်း

ကာမရူပ၊ အရူပဟု၊ ဘဝသုံးဘော်၊ နှုန်းမမြှော်အောင်၊ ဘုန်းတော်ကြီးသော၊ စောထီးဘဂဝါ၊ စိန္တေယျာသည်၊ မဟာသိဝန္တရ၊ အမတကြင့်နှန်း၊ ရွှေနန်းဗိမာန်၊ ကွန်းထောက်ခံသော၊ နိုင်ငံများထီး၊ ပြည်ကြီးသာကိ၊ သာဝတ္ထိ၏၊ နရတိဒီသာ၊ ကောသက္ကာ၌၊ မင်္ဂလာဗိမာန်၊ ဝတိံယံမှ၊ ဝေယန်စတော၊ ဘုံပါကြွေ၍၊ ဤမြေကျွန်းထက်၊ ပေါ်ထွန်းထွက်သကဲ့သို့၊ ပြိုးပြက်လျှပ်လျှပ်၊ ပြာသာဒ်ဆောင်ပျံ၊ တထောင်ရံလျက်၊ စီမံ ဆောက်လုပ်အပ်သော၊ ဇေတဝန်ဝိဟာရ၌၊ စံပမွေ့လျော်၊ သီတင်းသုံး နေထိုင်တော်မူသောအခါ၊ တရံကာလ၊ လူထိုမျှတို့သည်၊ ဓမ္မလက်သုံး၊ ကျင့်နှုန်းမမှန်၊ ပွင့်လုံးလံအောင်၊ ဖေါက်ပြန်ယွင်းသွေကြရကား လူအများကို၊ သနားသောထွေ၊ စောင်မနေသော၊ မြေစောင့် ရေစောင့်၊ လေစောင့်နတ်မျိုး၊ တန်ခိုးပြင်းဟုန်၊ အမ္ဗုန္ဒရာ၊ နတ်ဝလာတို့သည်၊ မေတ္တာမသက်၊ မင်္ဂကွက်သဖြင့်၊ ရှစ်ဘက်ဂြိုဟ်ကြီး၊ ခရီးငါးပါး၊ အကောက်သွား၍၊ သုံးပါးခြောက်စု၊ ရာဘုမည်၊ ရာသီဝိသမ၊ ကာလပြန်လဲ၍၊ မိုဃ်းသွန်မြဲအခါ၌၊ မရွာမသွန်၊ စည်ပုဇွန်တို့၊ မြည်တွန်ခါခါ၊ သံဝါခြိမ်းခြိမ်း၊ ချုန်းကာဟိန်းလည်း၊ ခပ်သိမ်းနယ်ကုန်၊ တိမ်ထပ်ခြုံပြီးလျှင်၊ သုန်သုန်ပြင်းဝှန်၊ လေသာသွန်လျက်၊ အလွန် မိုဃ်းခေါင်ဘိသတည်း။

ယင်းသို့ မိုးသည်းခေါင်၊ မရွာရှောင်သဖြင့်၊ တောတောင် စိမ့်မြိုင်၊ စုံဂနိုင်၌၊ အင်းအိုင်ထုံးချောင်း၊ ဆည်မြောင်းကန်မ၊ တဥ္စာကတို့ဝယ်၊ တမြူမျှရေ၊ တင်မနေဘဲ၊ နွေအခါ ကဲလွန်စွာ ခန်းခြောက်လေကုန်၏။

ထိုအခါဝယ်၊ သမ္မာသမ္ဗုဒ္ဓ၊ အတုလထွဋ်ဖျား၊ ဘုရားရှင် ကိုယ်တော်မြတ်သည်၊ မပြတ်စံတော်မူရာ၊ မဟာဇေတဝန်၏အနီး ကန်ကြီးလည်း ရေခန်းလျက်၊ ကန်အလယ်ချက်၊ တလယ်ခွက်မျှ ညွန်ပြောင်းဝယ်၊ တိုးအောင်းခိုနေရှာသော ရေသတ္တဝါများ လိပ်ငါး ပုဇွန်တို့ကို အိမ်ကျီး တောကျီး၊ ဘုံမတီးမွဲ၊ စွန်ရဲသိန်းညို၊ ဝန်လိုလင်းယုန် စသော ငှက်အပေါင်း တို့သည်၊ တသောင်းသဲသဲ၊ ပျံဲကျနားလျက်၊ ဖမ်းစား သုတ်ယူကြအင်ကို မြင်တော်မူရ၍၊ သည်းအူချမ်းမျှ ပင်ပန်းလှသော ကာရုည စိတ်တော်ရှိသဖြင့် အတိဒုက္ခ ကြုံတွေ့ကြသော ဥဒကစရာ ရေသတ္တဝါတို့ကို၊ ချမ်းသာတည့်အောင်၊ ကန်ပြည့်မိုးကို၊ ရွာကြိုးစေလိုသော အကြံတော်ဖြစ်ရကား၊ ဥဏ္ဏဂူဝန်း၊ ဇမ္ဗူ ကျွန်းထက်၊ မွန်းယိမ်းစအခါဝယ်၊ ရှင်အာနန္ဒာကိုခေါ်တော်မူ၍ ချစ်သားအာနန် ငါ့ညီမွန်၊ ဇေတဝန်မည်ခေါ်၊ ဤကန်တော်၌၊ ဘုန်းတော်ကြီးမား၊ ငါဘုရားသည်၊ ရေလားသပ္ပါယ်တော်မူလို သည်၊ ခြောက်တောင်မယုတ် မလွန်ချုပ်သော ရေသနုပ် သင်္ကန်းကို ကမ်းလာလှည့်လော့ဟု မိန့်တော်မူ၏။

ထိုအခါဝယ် အရှင် အာနန္ဒာကလည်း သုံးရွာသရဖူ ဖြစ်တော်မူသော နောင်တော်ဘုရား၊ ယခုအခါ ဤကန်သာ၌

ချီးစရာရေကို မဆိုထားဘိ လျှာဖျားစွတ်လောက် သောက်ရရုံမျှ ရေမရှိပါ၊ မြစ်ဂင်္ဂါမှ ဆောင်ကာ ထားသော ညာရေခမိုး သုံးတော်အိုး၌သာ သုံးချီးသပ္ပါယ်တော်မူပါဟု ရှိဦးတင်သော် အာနန္ဒာ ထေရ်ကို သင်ချစ်သားသည် ဘုရားမုနိန် မာရဇိန်တို့၏ အစိန္တေမြောက် တန်ခိုးရောက်ပုံကို မျက်မှောက် ဖူးမြင်ရလိမ့် မည်၊ ဝတ်တော်မူရန် မိုယ်းရေခံကိုသာ မြန်စွာ ကပ်လှည့်ဟု အမိန့်တော်ရှိလျှင် အရှင်အာနန္ဒာလည်း မြန်စွာဆက်ကပ်ပေ၏၊ ဘုရားကိုယ်တော်မြတ်လည်း တပတ်မျှ ရစ်သိုင်း၍ တပိုင်းကို ရုံတော်မူလျက်၊ ကျောင်းတော်မှ သက်၍ အထက်ကမ်းနှဖူး၌ ရပ်တန့်ကာ ရေးပြုရင်းသစ္စာကို ဆင်ခြင်တော်မူလျှင် ယခင် သစ္စာ၏ တန်ခိုးကြောင့် မိုယ်းဘုရင်မြတ် စံစမှတ်သော လျှံလျှပ် တောက်ဖြာ ကျောက်မွှေ့ရာသည် ဥဏှာကာရကိုပြုသဖြင့် သဗ္ဗညု အလိုတော်ကို သိရကား မိုယ်းနတ်သားကိုဆောင်၍ အမောင် နတ်သား ငါတို့ထိပ်ထား မြတ်ဘုရားသည် အများဝေနေယျ သာချမ်းမြအောင် ဆန္ဒတော်မြတ်ညွှတ်ချေသည်။

နတ်ဣန္ဒိပါဒ်၊ တန်ခိုးလွှတ်၍၊ တိုင်းရပ်ကောသလ၊ ဌာန တလျှောက်၊ ရေတောင်မောက်အောင်၊ ပေါက္ခရဝဿ၊ မိုယ်းကြီး ဟန်ကဲ့သို့၊ အမြန်သွန်း၍၊ ပတ်ဝန်းနယ်ကုန်၊ ပြည့်ပါစေဟု၊ ခန့်စေတော်မူလျှင်၊ မိုယ်းပြင်ဥက္ကဌ်၊ ပဇ္ဇုန်နတ်လည်း၊ သက္ကလပ် ဖဲ့သို့၊ ခိုမိလ္လာရုံ၊ ပြာမှုံမှိန်မှိုင်း၊ တိမ်သင်တိုင်းကို၊ တပိုင်းဝတ်ရုံ၊ တပိုင်းခြုံလျက်၊ သံစုံခြွေးဟီ၊ မိုယ်းသီချင်းသီပြီးလျှင်၊ အရှေ့ဆီ လောကဓါတ်မှ၊ သည်နောက်ရပ်သို့၊ ရွေ့ရှုလျက်ပြေး၏၊ ထိုအခါ ဝယ်၊ အဇင္ဃာမိုယ်းပြင်၊ ရပ်ကိုးခွင်မှ၊ မှိုင်းလွှင်မှောင်နက်၊ တိမ်ခိုး

ဘက်၍၊ မင်ရှက်မင်ခဲ၊ ရဲရဲလက်လက်၊ ပတ်ယှက်ရစ်သွယ်၊ လျှပ်စစ်နွယ်တို့ဖြင့်၊ မြင်ဘွယ်မငြီး၊ မြည်ဟီးသံဝှန်၊ အိုးမှသွန်သကဲ့သို့၊ အလွန်သော မိုဃ်းကြီးသည် ရွာသွန်းသဖြင့် ယူဇနာ တရာ့ငါးဆယ်ရှိသော၊ ကောသလတိုင်းလုံး၊ ရေယဉ်ဖုံးပြီးလျှင်၊ ရေတုံးပြကတေ့ ဖြစ်လေ၏။

ဘုရားရှင်ကိုယ်တော်မြတ်လည်း ပြည့်လတ်သော ဇေတဝန်ရေကန်ဝယ် ရေသပ္ပါယ်တော်မူပြီးမှ ညချမ်းသော သမယ၌ သာဝက သံဃာတော်တို့ အံ့ဩ ချီးမွမ်းကြသော စကားတွင် ငါဘုရားသည် ယခုအခါ မိုဃ်းခေါင်ရာ၌သာ အခါမဲ့မိုဃ်းကို ရွာကြိုးစေသည်မဟုတ်၊ ဉာဏုတ္တမံ သဗ္ဗညုဏ်ကို ရှယ်ပန်ဦးစ ဤကန်မ၌၊ မစ္ဆရာဇာ၊ ဖြစ်စဉ်ခါလည်း၊ လွန်စွာခေါင်လတ်၊ ရေခန်းပြတ်၍၊ ဇာတ်တူဆွေဝါး၊ သေပျက်ပြားသည်ကို၊ တရားမေတ္တာ၊ ငါ့သစ္စာဖြင့်၊ ဂါထာမန်း၍၊ ထက်ဝန်းရေယဉ်၊ ပြည့်ဘူးပြီဟု၊ မိန့်တော်မူ၍၊ "ပူရေန္တော ဗောဓိသမ္ဘာရေ နိဗ္ဗတ္တံ မစ္ဆယောနိယံ" အစရှိသော ဒေသနာကို ထင်စွာဟောကြားတော်မူလေသတည်း။

ဧဝမာဒိဂုဏူပေတံ၊ ဤသို့ အစရှိသော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသော။ ပရိတ္တံ၊ မစ္ဆရာဇပရိတ်တော်ကို။ ဟေ— သူတော်ကောင်းတို့။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ပွားသရဇ္ဈာယ်ကြပါကုန်အံ့။

— — —

ငါးရံ့မင်းပရိတ်

## ♥ မစ္ဆရာဇ ပရိတ်ပါဠိ

(၁) ပူရေန္တံ ဗောဓိ သမ္ဘာရေ
နိဗ္ဗတ္တံ မစ္ဆ ယောနိယံ
အာစရိ ဟိတတ္ထ ဉာတတ္ထံ
မဟာမေဃံ ပဝဿိယ။

(၂) ဝဿာပေသိ ဂိမှာနေပိ
မစ္ဆရာဇာ မဟာဒယော
သုတ္တဿ တေဇသာ ယဿ
သုတ္တန္တံ ဝ ဘဏာမဟေ။

(၃) ပုန္နာပရံ ယဒါဟောမိ
မစ္ဆရာဇာ မဟာသရေ
ဥဏှေသူရိယ သန္တာပေ
သရေ ဥဒက ခီယထ။

(၄) တတော ကာကာစ ဂိဇ္ဈာစ
ကင်္ကာ ကုလလ သေနကာ
ဘက္ခယန္တိ ဒိဝါရတ္တိံ
မစ္ဆေ ဥပနိသီ ဒိယ။

(၅) ဧဝံ စိန္တေ သဟံ တတ္ထ
သဟ ဉာတီဟိ ပီဠိတော
ကေန နုခေါ ဥပါယေန
ဉာတီ ဒုက္ခာ ပမောစယေ။

(၆) စိန္တယိတွာန ဓမ္မတ္ထံ
သစ္စံ အဒ္ဒသ ပဿယံ
သစ္စေ ဌတွာ ပမော စေသိံ
ဉာတီနံ တံ အတိဒုက္ခယံ။

(၇) အနုဿရိတွာ သတံဓမ္မံ
ပရမတ္ထံ ဝိစိန္တယံ
အကာသိံ သစ္စ ကိရိယံ
ယံ လောကေ ဓုဝသဿတံ။

(၈) ယတော သရာမိ အတ္တာနံ
ယတော ပတ္တောသ္မိ ဝိညုတံ
နာဘိ ဇာနာမိ သဉ္စိစ္စ
ဧကံ ပါဏံပိ ဟိံသိတံ

ဧတေန သစ္စဝဇ္ဇေန
ပဇ္ဇုန္နော အဘိ ဝဿတု။

(၉) အဘိတ္ထနယ ပဇ္ဇုန္န
နိဓိံ ကာကဿ နာသယ
ကာကံ သောကာယ ရန္ဓေဟိ
မဉ္စ သောကာ ပမောစယ။

(၁၀) သဟာကတေ သစ္စဝရေ
ပဇ္ဇုန္နော အဘိ ဂဇ္ဇိယ
ထလံ နိန္နဉ္စ ပူရေန္တော
ခဏေန အဘိ ဝဿထ။

(၁၁) ဧဝရူပံ သစ္စဝရံ
ကတွာ ဝိရိယ မုတ္တမံ
ဝဿာပေသိ မဟာမေဃံ
သစ္စတေဇ ဗလဿိတော
သစ္စေန မေ သမော နတ္ထိ
ဧသော မေ သစ္စ ပါရမီ။

# ငါးရံ့မင်း ပရိတ်

(၁) ဗောဓိသမ္ဘာရေ၊ ဘုရားဖြစ်ရန် သဗ္ဗညုတဉာဏ်ကို အမှန်လိုလား ရှေးရှုထား၍ ဆယ်ပါးပါရမီ အလီလီတို့ကို။ ပူရေန္တံ၊ လူမမှီ နတ်မမျှ ဝီရိယပြင်းထန် ကျင့်ကြံအားထုတ်တော်မူသော။ မစ္ဆယောနိယံ၊ ရေ၌ပေါက်ဖွား အမျိုးငါး၌။ နိဗ္ဗတ္တံ၊ နှစဉ်အခါ ဖြစ်ရရှာသော အလောင်းတော် ငါးရံ့မင်းသည်။ ဟိတဉ္စ၊ မိမိတွက်တာ အကျိုးစီးပွား အဖြာဖြာကိုရင်း။ ဉာတတ္ထဉ္စ၊ အမျိုးသားတို့ တိုးပွားစေရန် အကျိုးအတန်တန်ကိုရင်း။ မဟာမေဃံ၊ ခြိမ့်ခြိမ့်ရွာသီး အခါမဲ့ မိုဃ်းကြီးကို။ ပဝဿယံ၊ ဉာဏလုပ်ငန်း သစ္စာစွမ်းပြု ရွာသွန်းချစေ၍။ အစရိ၊ ပါရမီဘုန်း ဖြည့်ကျင့်တုံးက နှလုံးကြည်သာ ဖြည့်ကျင့်တော်မူခဲ့ပါပေပြီ။

(၂) မဟာဒယော၊ အမျိုးသားတို့ တိုးပွားစေခြင်း ကြီးမားသော သနားခြင်း ရှိထသော။ မစ္ဆရာဇာ မဲကို မဆွယ်သူ့နယ်မကျူး ပါရမီထူးကြောင့် ညွန့်ဖူးထိပ်ခေါင် ဥသျှောင်သနင်း အလောင်းတော် ငါးရံ့မင်းသည်။ ယဿသုတ္တဿ၊ အကြင် ပရိတ်တော်၏။ တေဇသာ၊ တန်ခိုးတေဇော် အာနုဘော်တော်အားဖြင့်။ ဂိမှာနေပိ၊ တောမြိုင်ယံတွင်း အပူပြင်း၍ ခေါင်းချင်းရိုက်ခါ ညီညာသွေးစည်း သစ်ပင်ကြီးငယ် မျိုးနွယ်မရွေး ဆင်းပြေးမြေခ ဆန္ဒပြုသို့ တောဝစုံခြေ သစ်ရွက်ကြွေစု နွေဥတု၌လည်း။ ဝဿာပေသိ၊ မိုဃ်းကိုမှီရ တောင့်တနေသူ များဗိုလ်လူတို့ ကြည်ဖြူငြိမ်းအေး ရွာသွန်းပေးစေပြီ။ တံသုတ္တံ၊ အပူကင်းပျောက် ချမ်းသာရောက်အောင် မျိုးခေါင်းဆောင်ဟု လူ့ဘောင်ထင်ရှား သင်္ခဏားစာ ထားနိုင်သော ထိုငါးရံ့မင်း

ပရိတ်တော်ကို။ ဟေ.... ကံသုံးပါးပြု ဂုမ်းလိုနူတဲ့ လူထုအမော် မြတ်သူတော်တို့။ မယံ၊ အကျွန်ုပ်တို့သည်။ ဘဏာမ၊ ညီညာ ဖျဖျ ရွတ်ဆိုကြပါကုန်အံ့သတည်း။

(၃) ပုနာပရံ၊ တပါးတုံ။ (ဝါ)တနည်းသော်ကား။ ယဒါ၊ အကြင်အခါ၌။ အဟံ ငါသည်။ မဟာသရေ၊ ဇေတဝန် အနီး အိုင်ကြီး၌။ မစ္ဆရာဇာ၊ ငါးရံ့မင်းသည်။ ဟောမိ၊ ဖြစ်ခဲ့ ၏။ တဒါ၊ ထိုအခါ၌။ သူရိယသန္တာပေ၊ နေအရှိန်သည်။ဥဏှေ၊ အလွန်ပူပြင်းသည် ရှိသော်။ ဥဒကံ၊ ရေသည်။ ခယံယျထ၊ ခန်းခြောက်လေကုန်၏။

(၄) တတော၊ ထိုသို့ ခန်းခြောက် ကုန်သောကြောင့်။ ကာကာစ၊ ကျီးသတ္တဝါတို့သည်၎င်း။ဂိဇ္ဈာစ၊လင်းတငှက်တို့သည် ၎င်း။ ကင်္ကာစ၊ ဒင်ကျီးမျိုးတို့သည်၎င်း။ မစ္ဆေ၊ ငါးတို့ကို။ ဥပနိသဒိယ၊ အနီးသို့ဆောင်၍။ ဒိဝါရတ္တိံ၊ နေ့ညဉ့်မပြတ် အထပ် ထပ်လျှင်။ ဘက္ခယန္တိ၊ စားသောက်ကြကုန်၏။

(၅) တတ္ထ၊ ထိုသို့စားသောက်ရာ၌။ အဟံ၊ ငါသည်။ ဉာတိဟိ၊ ဆွေမျိုးအများ အမျိုးသားတို့နှင့်။ သဟ၊ တကွ။ ပီဠိတော၊ နှိပ်စက်ခြင်း ခံရသည်ဖြစ်၍။ ဧကေနဥပါယေန၊ အဘယ် အကြောင်းကြောင့်။ ဉာတိ၊ အဆွေ အမျိုး တို့ကို။ ဒုက္ခာ၊ ထိုဆင်းရဲဒုက္ခမှ။ ပမောစယေ၊လွတ်မြောက်ငြိမ်းချမ်းပါအံ့နည်း။ ဧဝံ၊ ဤသို့။ စိန္တေသိ၊ ကြံစည်ခဲ့ဘူးပြီ။

(၆) စိန္တယိတွာန၊ ကြံစည်ပြီး၍။ ဓမ္မတ္ထံ၊ မြတ်သော သဘောဖြစ်သော။ သစ္စံ၊ မှန်သော။ သစ္စာစကားကို။ မမစ၊

ငါ၏ရင်း။ ဉာတိနဥ္စ၊ အမျိုးသားတို့၏ရင်း။ ပဿယံ၊ မှိုခို လွတ်မြောက် ထွက်ပေါက်ကြီးတခုဟူ၍။ အဒ္ဒသ၊ မြင်ပြီ။ သစ္စေ၊ မှန်သော သစ္စာစကား၌။ ဌတွာ၊ တည်၍။ ဉာတီနံ၊ အမျိုးသား တို့၏။ တံ အဘိက္ခယံ၊ ထိုကြီးစွာသော ဆင်းရဲကို။ပမောစေသိံ၊ လွတ်မြောက်စေခဲ့ပြီ။

(၇) သဒ္ဓမ္မံ၊ သူတော်ရှေးထုံး အစဉ် သုံးခဲ့သော။ ပရမတ္ထံ၊ မြတ်သော သစ္စာတရားကို။ အနုဿရိတွာ၊အောက်မေ့၍။ ဝိစိန္တယံ ဝိစိန္တယန္တော၊ ကြံစည်ပြီးသော်။ လောကေ၊လောက၌။ ယံ၊အကြင်စကားသည်။ ဓုဝသဿတံ၊ မချွတ်ကေန် မြဲရိုးမှန်၏။ တံ သစ္စကိရိယံ၊ ထိုသစ္စာပြုခြင်းကို။ အကာသိံ၊ ပြုခဲ့ဘူးပြီ။

## သစ္စာပြုပုံ

(၈) အဟံ၊ ငါသည်။ ယတော၊ အကြင် အခါမှ။ ပဋ္ဌာယ၊ စ၍။ အတ္တာနံ၊ မိမိကိုယ်ကို။ သရာမိ၊ အောက်မေ့၏။ ယတော၊ အကြင်အခါမှ။ ပဋ္ဌာယ၊ စ၍။ ဝိညုတံ၊ ကောင်းဆိုး နှစ်လီ မညီ ခွဲခြမ်းနိုင်သော အဖြစ်သို့။ ပတ္တော၊ ရောက်သည်။ အသ္မိ၊ ဖြစ်၏။ တတော၊ ထိုအခါမှ။ ပဋ္ဌာယ၊ စ၍။ သဉ္စိစ္စ၊ ကျူးကျော်ထိပါး စော်ကားလိုသော စေတနာထား၍။ ဧက ပါဏံပိ၊ တဦးတယောက်သော သတ္တဝါကိုမျှလည်း။ ဟိံသိတံ၊ ညှဉ်းဆဲခဲ့ဘူးသည်ကို။ နာဘိဇာနာမိ၊ မသိခဲ့ဘူးပေ။ (ဝါ)မပြု လုပ်ခဲ့ဘူးပေ။ ဧတေနသစ္စဝဇ္ဇေန၊ ဤသို့ မှန်သော သစ္စာစကား ကြောင့်။ ပဇ္ဇုန္နော၊ မိုးနတ်သားသည်။ အဘိဝဿတု၊ ရပ်ရှစ်မျက်နှာ ထစ်ခြိမ်းကာဖြင့် ရွာသွန်းပါစေသတည်း။

(၉) ပဇ္ဇုန္န၊ မိုးနတ်သား။ အဘိတ္ထနယ၊ ရွာသွန်းပါလော။ ကာကဿ ကျီး၏။ နိဓိံ၊ စားသောက်ဘွယ်ရာ ထမင်းအိုးကို။ နာသယ၊ ဖျက်ဆီးပါလော။ (ဝါ) မိုးရွာခြင်းဖြင့် ငါးအမျိုးသားတို့ကိုကယ်ဆယ်ပါလော။ ကာကံ၊ကျီးအပေါင်းကို။ သောကာယ၊ စိုးရိမ်ခြင်းဖြင့်။ ရန္ဓေဟိ၊ ကိုယ်တွင်းလောင်လျက် အပူဘျက်ပါစေလော။ မဉ္စေ၊ နုံမြူမသုံး ဗုံးကိုမထွင်မပြင်လက်နက် စိတ်လက်သန့်ရှင်း ရေအခင်းနှင့် ခြုံခြင်းရေစောင်အောင်ရှာမွေး ဖြူဖွေး ကြီးထွား ငါးအမျိုးသား တို့ကို။ သောကာ၊ ကွေက်မပေါ် ဆွေးရတက်နှင့် အဖေါ်လုပ်နေရသော ပူဆွေးခြင်းမှ။ ပမောစယ၊ ညှာတာထောက်ထား ကယ်မ သနားတော်မူပါလော။

(၁၀) သစ္စဝရေ၊ မြတ်သော သစ္စာ တရားကို။ သဟာကတေ၊ ပြုသည်နှင့် တပြိုင်နက်။ ပဇ္ဇုန္နော၊ မိုးနတ်သားသည်။ အဘိဂဇ္ဇိယ၊ ထစ်ခြုန်း၍။ ထလဉ္စ၊ ကုန်းမြေ ညီညာရာ၌ရင်း။ နိန္နဉ္စ၊ ချိုင့်ဝှမ်းခွက်ရာ၌ရင်း။ ပူရေန္တော၊ ပြည့်စေလျက်။ ခဏေန၊ တခဏ တစက္ကန့် အချိန်မျှဖြင့်။ အဘိဝဿထ၊ ရွာသွန်းလေ၏။

(၁၁) ဝေရူပံ၊ကျော်သို့သဘောရှိသော။ဥတ္တမံ၊မြတ်သော။ ဝိရိယံ၊ ဝိရိယနှင့်ယှဉ်သော။ သစ္စဝရံ၊ မြတ်သောသစ္စာကို။ ကတွာ၊ ပြု၍။ သစ္စတေဇ ဗလသိတော၊ သစ္စာတန်ခိုးအစွမ်းကို မှီလျက်။ မဟာမေဃံ၊ သည်းထန်သော မိုးကြီးကို။ ဝဿာပေသိံ၊ ရွာသွန်းခဲ့လေပြီ။ သစ္စေန၊ သစ္စာအားဖြင့်။ မယံ၊

ငါနှင့်။ သမော၊ တူသောသူသည်။ နတ္ထိ၊ မရှိတော့ချေ။ (ဝ၇) ငါနှင့်ငါသာ နှိုင်းစရာရှိပေ၏။ ဧသော၊ ဤအချက်အလက် ပြုမူပုံ သည်ကား။ မေ၊ ငါ၏ သစ္စပါရမီ အမျိုးအတွက် တန်ခိုးထွက် သော မှန်သောစကားကိုဆို၍ ပါရမီဖြည့်ခြင်းတည်း။

---

## မိုးရွာခြင်း အကြောင်း

### ဝဋ္ဋသာက သံယုတ်မှ

၁။ ဥတုကြောင့် ရွာခြင်း။
၂။ နတ်တို့ တန်ခိုးကြောင့် ရွာခြင်း။
၃။ မာရ်နတ်ကြီးကြောင့် ရွာခြင်း။
၄။ နဂါးကြောင့် ရွာခြင်း။
၅။ ဂဠုန်ကြောင့် ရွာခြင်း။
၆။ သစ္စာကြောင့် ရွာခြင်း။
၇။ တန်ခိုးရှိသောပုဂ္ဂိုလ်ကြောင့် ရွာခြင်း။
၈။ ကမ္ဘာပျက်လို၍ ရွာခြင်း။

သိပ္ပံနည်း အရ ဥတုအတွက် သုတေသန ပြုပေသည်၊ ကျမ်းဂန်နှင့် တစ္စန်းတစ ကိုက်ညီ၍ လိုက်နာရမည်။

## ငါးရံ့မင်းပရိတ် မှုမတူကြ၍ ဂါထာစီစစ်ချက်

၇-၈-၉-၁၀ ဂါထာတို့ကို ရောသင့်ရာရော၍ စရိယပိဋက ကျမ်းမှာ ၉-ဂါထာရှိသည်။

လယ်တီ ကျောက်စာများမှာ ဆန်းဂါထာ (၈)လုံးဘဲ့ လိုက်၍ (၁၀)ဂါထာ ရေးထားပါသည်၊ အဓိပ္ပါယ် ဘာသာ ပြန် အတူဖြစ်၍ ကြိုက်သလိုသုံးနိုင်ပါသည်။

## ပုဒ်ပါဌ်စီစစ်ချက်

(၄) ဂါထာ၌ ဝိစိန္တယံတွာ စိန္တယံတွာန တွာ-တွာန ပစ္စည်းကွဲ၍ ကြံစီခြင်းအနက် ဘာသာပြန်တူသည်။

အဘိက္ခယံ - အတိက္ခယံ
အဘိ = အတိ ဥပသာရ ပုဒ်တူ၍
အလွန် - ဟူသော ဘာသာပြန်တူသည်။

(၅) ဂါထာ၌ - သတံဓမ္မံ = သဒ္ဓမ္မံ
သတံဓမ္မံ = သူတော်တရား - ဝါကျ
သဒ္ဓမ္မံ = သူတော် တရား - သမာသ်ဝါကျနှင့်
သမာသ်သာကွဲ၍ အဓိပ္ပါယ်တူသည်။

(၈) ဂါထာ၌-ရန္ဓေဟိ ရန္ဓဓါတ်-ပူကျက်ခြင်း။ ရူန္ဓေဟိ ရုဓ ပိတ်ခြင်း-အနက်ကွဲ။

ပုဒ်ပါ၌ အက္ခရာတို့ကို နိဗ္ဗာန်ရောက်ကြောင်းပြသောအရာမှ အထူးစီစစ်ရန်လို၏၊ အရာရာ စီစစ်နေက ခရီး မရောက်နိုင်၊ အဲဓိပ္ပါယ်မှန်က သင့်တော်ပြီ ဖြစ်နိုင်၏ဟု လယ်တီ ဆရာတော်ဘုရား မှာထားချက်ကြောင့် ဤမျှသာ စီစစ်ပြပေသည်။

အလမတိပ ပဉ္စေန-ဟု ဋီကာကျမ်းများမှာ သုံးထားသည်ကို ထောက်ပါသည်၊ ကျယ်လွန်းသဖြင့် အကျိုး ပိုမများပေ။

— — —

## ငါးရံ့မင်းပရိတ်တော် (၁၀)ဂါထာတို့ကို စကားစပ်နှင့်တကွ ဘာသာပြန်ဆိုပုံ

မြတ်စွာဘုရားသည် နုစဉ်အခါ၌ ဇာတ်တော်များမှာ သစ္စာကျင့်သုံးခဲ့သည်၊ ကျင့်သုံးပုံမှာ တဇာတ်နှင့်တဇာတ် မတူကြပါ

အချို့ဇာတ်မှာ သစ္စာကြောင့် မြွေဆိပ် ပျောက်ခဲ့ဘူးပါသည်။

အချို့ဇာတ်မှာ သစ္စာကြောင့် မီးကွင်းခဲ့ဘူးပါသည်။

ငါးရံ့မင်း ဇာတ်တော်မှာ သစ္စာနှင့် မိုးရွာစေခဲ့ပါသည်၊ သစ္စာနှင့် မိုးရွာပုံကိုပြလို၍ ငါသည် ဇေတဝန် အိုင်ကြီးမှာ ငါးရံ့မင်းကြီး ဖြစ်ခဲ့သည်၊ ထိုအခါ နွေဥတု၌ နေပူနိုပ်စက်၍ ရေကုန်ခန်းခဲ့၏၊ ရေကုန်ခန်းခြင်းကြောင့် ကျီးစသော ရန်သူ

အပေါင်းတို့သည် ငါးအပေါင်းတို့ကိုအနီးသို့ယူ၍ နေ့ညဥ့်မပြတ် စားသောက်ကြကုန်၏။

ထိုအခါ ငါသည် ဆွေမျိုးအပေါင်းတို့ကို ဘေးဒုက္ခမှ လွတ်မြောက်အောင် အဘယ်သို့ကယ်တင် ရပါအံ့နည်းဟု အရေးပေါ် ကြံစည်ခဲ့၏၊ ထိုသို့ကြံစည်ပြီးသော် မြတ်သောသစ္စာပြုခြင်းသည် ဘေးဒုက္ခမှ လွတ်မြောက်ကြောင်းဟုသိမြင်၏၊ သိမြင်သောအတိုင်း သစ္စာပြုခဲ့၏။

သစ္စာပြုပုံမှာ အကျွန်ုပ်သည် သိကြားလိမ္မာသောအရွယ်မှ စ၍ တဦးတယောက်ကိုမျှ ကျူးကျော်စော်ကား ထိပါးလိုသော စေတနာဖြင့် မညှဥ်းဆဲခဲ့ပါ။

ဤသစ္စာကြောင့် မိုဃ်းနတ်သားသည် မိုဃ်းရွာသွန်းပါစေသတည်း ဤသို့သစ္စာပြုခဲ့၏၊ဤသစ္စာသည် အမျိုးသားအပေါင်းအား ကယ်တင်လိုသော စေတနာ ရှေ့ထား၍ မြတ်သော သစ္စာပါရမီတည်း။

— — —

## ငါးရံ့မင်း ပရိတ်တော် သင်ရသဖြင့် သင်္ခန်းစာ ရရှိပုံ

(၁) သူတပါးကို မညှဥ်းဆဲရ။

(၂) အမျိုး ခေါင်းဆောင်ပြု၍ တကိုယ်ကောင်း မကြံ၊ အများကောင်းရန် ကြံစည်ရခြင်း။

(၃) အမျိုးသားတို့ ဒုက္ခရောက်ခဲ့သော် မခံမရပ်နိုင်အောင် ကယ်တင်လိုခြင်း။

(၄) လောကကြီးမှာ ယဉ်ကျေးမှု နည်းလေလေ မတရားစိတ် ပေါ်လေလေဟု သိရခြင်း။

(၅) လက်နက်မဲ့သူ ဖြစ်သော်လည်း အကျင့် စာရိတ္တ ယုံကြည်ချက်ရှိက ကူညီသူ အရံသင့် ရှိနိုင်၏ဟု သိရခြင်း။

(၆) လောကဓံ အတွေ့အကြုံသည် တရိုန်တည်း မတည်၊ အမျိုးမျိုး ပြောင်းရသည်ဟု သိရခြင်း သင်ခန်းစာများ ရရှိပါသည်။

---

## မြန်မာဝေါဟာရ သစ္စာအဓိဋ္ဌာန်နှင့် ပတ်သက်၍ အလျဉ်းသင့်သဖြင့် ရေးပြပါသည်

(က) သစ္စာဂတိ တည်ရှိသောခါ ဩဇာလေးနက်ပေါ်ဆိုထွက်၍ နွယ်မြက်သစ်ပင် ဆေးဘက်ဝင်၏ ဟူသောပုဒ်၌....

သစ္စာနှင့်ဂတိ တွဲ၍ သုံးနှုန်းထားပါသည်၊ အဓိပ္ပါယ်မှာ မှန်ကန်သော သစ္စာဂတိ တည်ရမည်ဟု ဆိုလိုသည်။

ပုဒ်ခွဲသော်....

သစ္စာ = မှန်သောစကားကိုဆို၍ သစ္စာပြုသည်။

ဂတိ = တဦး တဦး မကျူးကျော်စာတမ်း နှစ်ပေါင်းများစွာ အတွင်း တည်ရမည်၊ ဤသို့ ပြုလုပ်ရမည်ဟု ဂတိကဝတ်ထားခြင်း စာချုပ်ခြင်းဖြစ်သည်။

(ခ) သစ္စာ အဓိဋ္ဌာန်ပြုသည်....

မှန်သော အလုပ် တခုဖြင့် ကြံ့ခိုင်စွာ ရပ်တည်နေသည်။

တေမိမင်းသည် (၁၆)နှစ်ပတ်လုံး စကား မပြောဟု ကြံ့ခိုင်စွာနေခြင်းသည် အဓိဋ္ဌာန်ဖြစ်သည်၊ အလောင်းတော်ဖြစ်၍ အဓိဋ္ဌာန်ပါရမီ ဆိုရသည်။

အတုယူသူများမှာ ဘုရားရှေ့တော်မှာ ဆိတ်ဆိတ်နေကြသဖြင့် အဓိဋ္ဌာန်ပြုကြသည်၊ အလောင်းတော် မဟုတ်က ပါရမီ မဟုတ်သေး။ (အတုသာမှတ်)

သစ္စာ မှန်သော စကားကြောင့် မီးကင်းပါစေ၊ အဆိပ်လျောကျပါစေ၊ မိုးရွာပါစေဟု သစ္စာပြုသည်။

မိန်းမ ယောကျ်ား သစ္စာထားခြင်းသည် (အတုသာ)

(ဂ) ကျိမ်းသစ္စာ ကျိန်ဆိုခြင်း....

မမှန်သော စကား ပြောဆိုမိပါကပျက်စီးပါစေ၊ ပျက်စီးစေ ဆိုတဲ့ စိတ်ထားနှင့် ကျိမ်းကိုင်သည်၊ ကျိန်သည်၊ ဘုရားစူးပါစေ၊ မိုးကြိုးကျပါစေဟု ကျိန်ခြင်းသည် (အတုသာ)

မမှန်သောစကား ပြောဆိုက ပျက်စီးပါစေ၊ သို့မဟုတ် အကျိုးနှုပ်အတွက် အကျိုးနှုပ်နှင့် စပ်သော အရာဝတ္ထုအတွက် ဖျက်ဆီးပါက ပျက်စီးပါစေဟု နှုတ်က ကျိန်ခြင်း၊ ကျိမ်းစာရေးထား၍ ကိုင်စေခြင်းသည် ကျိမ်းသစ္စာ ကျိန်ဆိုခြင်းဖြစ်၏။

ရုံးတော်မှာ ကျမ်းစာကို ကိုင်စေသည်၊ အရပ်ထဲမှာ ရွက်စေသည်၊ အဓိပ္ပါယ် အကျယ်မှာ ပုဂံကျောက်စာ ကြည့်ခြင်းအားဖြင့် အထောက်အကူရရှိနိုင်ပါသည်၊ ကျယ်အံ့စိုး၍ မထည့်ပြီ။

## မူကွဲ ပုဒ်ကွဲများကို

လယ်တီကျောက်စာမူ ဆဋ္ဌသံဂါယနာမူဖြင့် ညှိနှိုင်း၍ အကျဉ်းပြသပါမည်။

(၁) ပူရေန္တံ ဗောဓိ သမ္ဘာရေ
နိဗ္ဗတ္တံ မစ္ဆ ယောနိယံ
အစရိ ဟိတဉ္စ ဉာတတ္ထံ
မဟာမေဃံ ပဝဿိယံ။

(၂) သက္ကေသု နိဂြောဓါရာမေ
ဝသန္တော မဟေသိနာ
သာရိပုတ္တဿ ထေရဿ
ဘာသိတံ တံ ဘဏာမဟေ။

---

## လယ်တီကျောက်စာမူမှ ငါးရံ့မင်းပရိတ်တော်

(၃) ပုနာပရံ ယဒါ ဟောမိ
မစ္ဆရာဇာ မဟာသရေ
ဥဏှေ သူရိယ သန္တာပေ
သရေ ဥဒကံ ခီယထ။

(၄) တတော ကာကာစ ဂိဇ္ဈာစ
ကင်္ကာ ကုလလ သေနကာ
ဘက္ခယန္တိ ဒိဝါရတ္တိံ
မစ္ဆေ ဥပနိသီဒိယ။

(၅) ဧဝံ စိန္တေ သဟံ တတ္ထ
သဟ ဉာတိဟိ ပီဠိတော
ကေန နုခေါ ဥပါယေန
ဉာတီ ဒုက္ခာ ပမောစယေ။

(၆) စိန္တယိတွာ(န) ဓမ္မတ္ထံ
သစ္စံ အဒ္ဒသ ပဿယံ
သစ္စေ ဌတွာ ပမောစေသိံ
ဉာတီနံ တံ အဘိက္ခယံ။

(၇) အနုဿရိတွာ သဒ္ဓမ္မံ
ပရမတ္ထံ ဝိစိန္တယံ
အကာသိ သစ္စကိရိယံ
ယံ လောကေ ဓုဝ သဿတံ။

(၈) ယတော သရာမိ အတ္တာနံ
ယတော ပတ္တောသ္မိ ဝိညုတံ
နာဘိ ဇာနာမိ သဉ္စိစ္စ
ဧကပါဏမ္ပိ ဟိံသိတံ။

[illegible] ထွန်းထားပြန့်ပွားရေးဦးစီးဌာန
စာကြည့်တိုက်
၂၁ [illegible]

(၉) ဧတေန သစ္စ ဝဇ္ဇေန
ပဇ္ဇုန္နော အဘိဝဿတု
အဘိတ္ထနယ ပဇ္ဇုန္န
နိဓိံ ကာကဿ နာသယ။

(၁၀) ကာကံ သောကာယ ရန္ဓေဟိ
မစ္ဆေ သောကာ ပမောစယ
သဟကတေ သစ္စဝရေ
ပဇ္ဇုန္နော အဘိဂဇ္ဇိယ။

(၁၁) ထလံ နိန္နဉ္စ ပူရေန္တော
ခဏေန အဘိ ဝဿထ
ဧဝရူပံ သစ္စဝရံ
ကတွာ ဝိရိယ မုတ္တမံ။

(၁၂) ဝဿာပေသိံ မဟာမေဃံ
သစ္စတေဇ ဗလသိတော
သစ္စေန မေ သမော နတ္ထိ
သော မေ သစ္စပါရမီ။

**မစ္ဆရာဇာ ပရိတ္တံ နိဋ္ဌိတံ**

အခြား ပုဒ်ပါဠိများမှာ ဘာသာပြန်ဆိုပြီး၍၊ သက္ကေသု နိဂြောဓါရာမေပုဒ်ကို ဘာသာပြန်ဆိုပါမည်။

သက္ကေသု၊ မင်းညီမင်းသား လွန်စည်ကား၍ ထင်လျှား ကျော်လှိုင်း သက္ကတိုင်း၌။ နိဂြောဓါရာမေ၊ သာကီဝင်များ ဆောက်လုပ်ထားသည့် ရွှေသားပြည့်စုံ နိဂြောဓါရုံကျောင်းတော်ကြီး၌။ ဝသန္တေနု၊ မျှတရှင်ပြုံး သီတင်းသုံးနေထိုင်တော်မူသော။ မဟေသိနာ၊ သီလပန်းတွေ ပွင့်စုံဝေလျက် ရေမြေ ဘဝင် လျှမ်းဈော်တက်တော်မူသော မြတ်စွာဘုရားသခင်ကိုယ်တော် မြတ်ကြီးသည်။ သာရိပုတ္တဿ၊ မယ်တော်ပုဏ္ဏေး ပိုက်ဘက်မွေး သည့် ရွှေသွေးပမာ သာရိပုတ္တရာ အမည်ရှိသော။ ထေရဿ၊ လက်ျာရံမြိုး မထေရ်ကြီး သာရိပုတ္တရာအား။ ဘာသိတံ၊ ဟောတော်မူအပ်သော။တံ၊ ထိုငါးရံ့မင်းပရိတ်တော်ကို။ ဟော စည်းဝေးရောက်လာ သူတော်စွာအပေါင်းတို့။ မယံ၊ အကျွန်ုပ် တို့သည်။ ဘဏာမ၊ ညီညာဖျဖျ ရွတ်ဆိုကြပါကုန်အံ့။

**မေတ္တာရပ်ခံချက်။ ။အမှားရှိက သည်းခံကြစေလိုပါသည်။**

— — — —

မုံရွာမြို့၊ ဆုတောင်းပြည့် မြတ်စွာဘုရားကြီး၏ ဝိပဿနာဓမ္မာရုံကြီး အတွင်း၌၊ လစဉ် လပြည့်နေ့တိုင်း ရွတ်ဖတ်ကြသည့် 'ဝတ်ရွတ်စဉ်'' များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| စဉ် | လအမည် | ပါဠိတော်ကြီးများ | မှတ်ချက် |
|---|---|---|---|
| ၁ | တန်ခူးလ | သမန္တာမှစ၍ မင်္ဂလသုတ် | မင်္ဂလာ အခါတော် |
| ၂ | ကဆုန်လ | အနေကဇာတိစသော ဂါထာများ | ဗုဒ္ဓ အခါတော် |
| ၃ | နယုန်လ | မဟာသမယသုတ် | မဟာသမယ အခါတော် |
| ၄ | ဝါဆိုလ | ဓမ္မစကြာနှင့် အနတ္တ လက္ခဏာသုတ် | ဓမ္မစကြာ |
| ၅ | ဝါခေါင်လ | မေတ္တာသုတ် ပုဗ္ဗဏှသုတ် | အခါတော် |
| ၆ | တော်သလင်းလ | မစ္ဆရာဇာ,ခန္ဓ,ဝဋ္ဋ,မောရ,အင်္ဂုလိမာလသုတ် | |
| ၇ | သီတင်းကျွတ်လ | အဘိဓမ္မာပါဠိတော်များ | အဘိဓမ္မာ အခါတော် |
| ၈ | တန်ဆောင်မုန်းလ | သာမညဖလသုတ် | |
| ၉ | နတ်တော်လ | အာဝေဏိကဂုဏ်တော် | |
| ၁၀ | ပြာသိုလ | ပါဠိတော်လာဗောဇ္ဈင်(၃)သုတ် | |
| ၁၁ | တပို့တွဲလ | သြဝါဒပါတိမောက် ရတနသုတ် | အခါတော် |
| ၁၂ | တပေါင်းလ | ဓဇဂ္ဂသုတ်,အာဋာနာဋိယသုတ် | |

**မှတ်ချက်။** ။အထက်ပါ ဓမ္မာရုံကြီး အတွင်း၌ အများအားဖြင့် နံက် (၆)နာရီမှ (၇)နာရီခွဲ အထိ ဥက္ကဋ္ဌကြီး "ဦးအောင်လှ"ကြီးမှူးသော ဆုတောင်းပြည့်ဘုရားကြီး ဂေါပကအဖွဲ့ဝင် လူကြီးများ၊ ခရိုင်ဝန် ခရိုင် သာသနာရေး အရာရှိနှင့် " ဦးသော် "တို့ ခေါင်းဆောင်သော ခရိုင်ဝန်ရုံး ပရိတ်တော်ဝတ်သင်းမှ အရာရှိကြီးများ စာရေးကြီးများ၊ "ဦးဘအောင်" ကြီးမှူးသော ဆိုင်းတန်း ဝတ်သင်းမှ အဖွဲ့ဝင် လူကြီးများ၊ 'ဦးစန်းလှိုင်' ကြီးမှူးသော ပါဠိသုခမိန်အဖွဲ့မှ အဖွဲ့ဝင်လူကြီးများ၊ အခြားအခြားသော ဓမ္မမိတ်ဆွေများ အစရှိသည်ဖြင့်စုရုံး၍ တညီတညွတ်တည်းအထက်ပါ ပါဠိတော်ကြီးများကိုရွတ်ဆိုကြပါသည်

သက်ဆိုင်ရာ ပါဠိတော်ကြီးများကို မရွတ်ဆိုမီ ပုဗ္ဗကိစ္စအနေဖြင့် နတ်ပင့်ခြင်း,ဘုရားပင့်ခြင်း,သက်ဆိုင်ရာ ပါဠိတော်ကြီးများနှင့် ပတ်သက်၍ ကြည်ညိုဘွယ်ရာ တရားဓမ္မများကို "ဦးစန်းလှိုင်" 'ဦးဘဟန်-ဦးတိုက်ဝမ်း-ဆရာမောင်-ဦးအောင်ပွင့်-ဦးအောင်ညွန့် ဦးစိုးခေါင်-ဦးတင်မောင်-ဦးဘအောင်"အစရှိသော ဓမ္မကထိကပုဂ္ဂိုလ်များက ဟောပြောပြသခြင်းများပြုလုပ်ပြီးနောက် ရွတ်ဆိုကြပါသည်။

ပါဠိတော်ကြီးများကို ရွတ်ဆိုပြီးနောက် မြန်မာပြည်သူပြည်သား ကမ္ဘာသူ, ကမ္ဘာသား သတ္တဝါအများ အားလုံး

အားလုံး ကျန်းမာ ချမ်းသာကြစေရန် မေတ္တာပို့ အမျှဝေ ဆုတောင်းပတ္ထနာပြု နတ်ပို့ပြီးလျှင် အခမ်းအနား ရုပ်သိမ်းလျက် လှူဒါန်းကျွေးမွေးကြပါသည်။ လက်ရည်ပွဲ အဖျော်ယမကာ အစားအသောက်တို့ဖြင့်

နမောတဿ (၃)ခေါက်ရွတ်၍

(၁) ဩဝါဒ ပါတိမောက် ရွတ်ကြရန်။

(၂) ရတနသုတ် ရွတ်ကြရန်။

— — —

# သြဝါဒ ပါတိမောက်

## ဟောတော်မူရခြင်းအကြောင်း

ဘုရားသခင်သည် ဇေတဝန်ကျောင်းတော်၌ နေတော်မူသော အခါ၊ ဝိပဿီ အစရှိသော ဘုရား (၇)ဆူ တို့၏ ခမည်းတော်, မယ်တော် သက်တမ်း၊ လက်ျာတော်ရံ လက်ဝဲတော်ရံ စသည့် အကျယ်တဝင့် ဟောပြောရာ၊ ညီတော် အာနန္ဒာက လျှောက်ခွင့်ရှိသူ ဖြစ်သည့်အတိုင်း ခမည်းတော် မယ်တော်စသည်တို့ကို သိရပါပြီ ဘုရား၊ တပည့်သာဝကများ ဆုံးမပုံကို ဟောကြားတော်မူပါဘုရားဟု လျှောက်ကြားသဖြင့် သြဝါဒပါတိမောက်ကို ဟောတော်မူပါသည်။

# သြဝါဒ ပါတိမောက္ခတရားတော်

(၁) ခန္တီ ပရမံ တပေါတိ တိက္ခာ
နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ
နဟိ ပဗ္ဗဇိတော ပရူပဃာတီ
န သမဏော ဟောတိ ပရံ ဝိဟေဌယန္တော။

(၂) သဗ္ဗ ပါပဿ အကရဏံ
ကုသလဿု ပ သမ္ပဒါ
သ စိတ္တ ပရိယောဒါပနံ
ဧတံ ဗုဒ္ဓါ န သာသနံ။

(၃) အနူပဝါဒေါ အနူပဃာတော
ပါတိမောက္ခေစ သံဝရော
မတ္တညုတာစ ဘတ္တသ္မိံ
ပန္တဉ္စ သယနာသနံ
အဓိစိတ္တေစ အာယောဂေါ
ဧတံ ဗုဒ္ဓါန သာသနံ။

# ဩဝါဒပါတိမောက် အနက်ဘာသာပြန်

(၁) တိတိက္ခာ၊ လောကဓါတ် လူ့စခန်းမှာ ပြောစမှတ် ဥဒါန်း တင်လောက်သော။ ခန္တီ၊ နည်းမှန်မှန်, မမှန်မှန် သည်းခံခြင်းသည်။ ပရမံ၊ မြတ်သော။ တပေါ၊ အကျင့်တည်း။ နိဗ္ဗာနံ၊ အပူကင်းပြတ် အငြိမ်းဓါတ်ကို။ ပရမံ၊ အမြတ်ဟူ၍။ ဗုဒ္ဓါ၊ ဘုရားရှင်တို့သည်။ ဝဒန္တိ၊ ဟောတော်မူကုန်၏။ ပဗ္ဗဇိတော၊ သတ္တဝါများ မသနားဘဲ တုတ်,ဓါးကိုင်လတ် သတ်ဖြတ်လေ့ ရှိသောသူသည်။ နဟိပဗ္ဗဇိတော၊ အကြမ်း,အယုတ် အရမ်းလုပ်သဖြင့် ရဟန်းမဟုတ်သည်။ ဟောတိ၊ ဖြစ်၏။ ပရံ၊ သူတပါးကို။ ဝိဟေဌယန္တော၊ ညှဉ်းဆဲသော သူသည်။ (ဝါ) လုပ်သမျှ ချောက်ကျ၍ ဒုက္ခ ရောက်ရအောင် ပြုလုပ်သော သူသည်။ န သမဏော၊ တရားလမ်းကြောင်း လွန်တိမ်းစောင်း၍ ရဟန်း ကောင်း မဟုတ်သည်။ ဟောတိ၊ ဖြစ်၏။

(၂) သဗ္ဗပါပဿ၊ ယုတ်မာညစ်ညူး မကောင်းမှုဟူသမျှကို။ အကရဏံ၊ မပြုလုပ်ရခြင်းသည်၎င်း။ ကုသလဿ၊ ကုသိုလ်ကောင်းမှုကို။ ဥပသမ္ပဒါ၊ တနေ့တခြား ဒီရေလားသို့ တိုးပွားအောင် ပြုလုပ်ရခြင်းသည်၎င်း။ သစိတ္တပရိယောဒါပနံ၊ ရာထူးဂုဏ်သိန် စည်းစိမ် ပညာ ကိုယ်ထက်သာဟု မနာလိုစိတ် ပယ်ဖျောက်နှိပ်၍ဖိတ်ဖိတ်လျှံဝင်း လွန်သန့်ရှင်းရခြင်းသည်၎င်း။ ဧတံ၊ ဤဆိုအပ်ခဲ့ပြီးသော စကားစုသည်။ ဗုဒ္ဓါနံ၊ ဘုရားအဆူဆူတို့၏ သာသနံ၊ ဝရဇိန်သွား မိုးကြိုးလားသို့ ထင်ရှားပြသ ဆိုဆုံးမသော ဩဝါဒ တရားပေတည်း။

(၃) ပရံ၊ သူတပါးကို။ အနူပဝါဒေါ၊ မဟုတ်မတရား မုန်းတီးငြားချဲ့ စော်ကား မပြုတ် မစွပ်စွဲ မကဲ့ရဲ့အပ်။ အနူပဃာတော၊ ဆရာမိဘ ဆုံးမရှိ ပြစ်မသိဘဲ ချစ်ဘိကင်းလတ် မသတ်ဖြတ်အပ်။ ပါတိမောက္ခေ၊ ဘုရားပညတ် ဝိနည်းတော်မြတ်၌။ သံဝရောစ၊ ကိုယ်နှုတ်နှလုံး စောင့်သုံးရခြင်းသည်ငှင်း။ ဘတ္တသ္မိံ၊ ဆွမ်းဘောဇဉ် အာဟာရတို့၌။ မတ္တညုတာစ၊ အတိုင်းအရှည် ပမာဏကို သိရခြင်းသည်ငှင်း။ ပန္တံ၊ သာသနာနှင့် ဖီလာကန့်လန့် မင်္ဂဖိုလ်ကို ရပ်တန့်အောင် ပျံ့နှံ့ ကျော်ကြား နှောက်ယှက်သော အသံများကို မကြားနိုင်ရာ တိတ်ဆိတ်ပါသော။ သယနာ သနဥ္စ၊ ကျောင်းသင်္ခမ်းကို မှီငြမ်းသန့်ရှင်း နေရခြင်းသည်ငှင်း။ အဓိစိတ္တေ၊ ကမ္မဋ္ဌာန်းအာရုံ လွှမ်းထုံကျင့် စိတ် သမာပတ်နှင့် ယှဉ်သောစိတ်၌။ အာယောဂေါ၊ သွားသွေး ခြောက်စေ အားထုတ်နေချဲ့ စိတ်လေ စိတ်လွင့် ကစဉ့်ကရဲ ချုပ်ပျောက်စဲအောင် အမြဲပုံသွင်း အားထုတ်ရခြင်းသည်ငှင်း။ ဧတံ၊ ဤစကားစုသည်။ ဗုဒ္ဓါနံ၊ သတ္တဝါများ ရဟုသားသွင် သနားခင်သည့် ဘုရားရှင် အဆူဆူတို့၏။ သာသနံ၊ မျက်နှာကြီးငယ် မလိုက်ဆွယ်သည့် ခြောက်သွယ်ဘုန်းရှင် မိန့်ခွန်းဆင်ချဲ့ သွန်သင်ပြသ ဆုံးမမြဲ စကားပေတည်း။

**မှတ်ချက်။** ။ငှင်းဩဝါဒ ပါတိမောက်ကို ဘုရားသခင်များ သွန်သင်ပြသ ဆုံးမသော လမ်းစဉ်ဖြစ်ချဲ့ ကိလေသာ ထူပြော နေသော ပုဂ္ဂိုလ်များ အလွန် ကြိုးစား လိုက်နာမှ သင့်လျော်ရာ ကျနိုင်ပါမည်။

ချင်းတွင်းစာပေတိုက်
ထုတ်ဝေသူ မှတ်ပုံတင်အမှတ် မြဲ ၀၆၇၆
ချင်းတွင်းပုံနှိပ်တိုက်-မုံရွာမြို့။